# ခင်ခင်ထူး

## ရွေးခြင်းတောင်း ဝတ္ထုတိုများ



(ဒုတိယအကြိမ်)

# အမှာစာ

ကျွန်မ ရေးဖြစ်သမျှ ဝတ္ထုတိုကလေးများကို စုစုစည်းစည်း ပြန်ဖတ်ဖြစ်သည့် အခါ ကျွန်မ ကျင်လည်ရာ ပတ်ဝန်းကျင်ကို ရေးဖွဲ့သည့် ဝတ္ထုတိုကလေးများ ချည်းဖြစ်နေတာ တွေ့ရပါသည် ။ ကျွန်မ စာသင်ရာ ကျောင်းနှင့် ကျွန်မ တပည့်ကလေးများ အကြောင်း၊ ကျွန်မ နေထိုင်ကြီးပြင်းရာ ကျေးလက်က လူတွေအကြောင်း၊ မိဘများ နှင့် အတူ နေထိုင်ရာ ကျွန်မတို့ မန္တလေး မြို့စွန် ရပ်ကွက်ကလေးအကြောင်း၊ မြစ်ကမ်းနားက ဘဝတွေ အကြောင်း။ သည် အထဲမှာ စျေးနှင့် ပတ်သက်သည့် ဝတ္ထုတို ကလေးတွေလည်း ပါနေသည် ။ သီးသန့်ထုတ်လိုက်တော့ ၁၀ ပုဒ်ကျော်လောက် ရှိပါလိမ့်မည်။ အခု သည် ဝတ္ထုတိုကလေးများကို စုစည်းပြီး "စျေးခြင်းတောင်း ဝတ္ထုတိုများ " ဟု ကျွန်မ အမည်ပေးလိုက်ပါပြီ။

အိမ်မှာ အစ်ကိုမောင်ဖားများကြား တစ်ဦးတည်းသောသမီးဖြစ်သူ ကျွန်မမှာ အမေနှင့် အတူ သို့မဟုတ် ကျွန်မကိုယ်တိုင် စျေးကို အမြဲ လိုက်ရသူ၊ အမြဲ စျေးဝယ်ပေးရသူ ဖြစ်ခဲ့သည် ။ ဝယ်ရုံမျှမက ချက်ပြုတ်ပြင်ဆင် ခူးခပ်ဆိုသလို ကျွန်မပဲ မိန်းကလေးပီပီ စီစဉ်ရသည် ။ နောင်မှာ အမေက စျေးမသွားတော့ဘဲ ကျွန်မကိုသာ လွှတ်ပါတော့သဘည်။ သည် ဝတ္ထုတိုကလေး များ သည် ကျွန်မ၏ စျေးအတွေ့အကြုံများ ချည်း

မဟုတ်ဘဲ ကျွန်မတို့ မိသားစု၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်နေသည့် အတွေ့အကြုံများ လည်း ပါပါသည် ။

ကျွန်မ မိဘနှစ်ပါးသည် ကျွန်မငယ်စဉ်တောင်ကျေး ဘဝကတည်းက တောသူတောင်သားများ ပီပီ ရှေးလူကြီးများ ဖြင့် ကုန်စည်ရောင်းဝယ်ခြင်း၊ မိခင်မှာ လည်း ဆယ့်နှစ်ပွဲ ဈေးသည် ဘဝဖြင့် ရပ်တကာ လှည့်ကာ ပင်ပင်ပန်းပန်း ဈေးဆိုင်တည်ခင်း ရောင်းချခြင်းဖြင့် ဘဝဝမ်းစာ ရှာခဲ့ကြ သူများ ဖြစ်ပါသည် ။ အဖေက ပျဉ်ဆယ်ပြားခင်း ရှေးလူကြီးကို ထိုး၊ အမေက လှေသူကြီး ကတော် ဘဝဖြင့် လှေပေါ်ပါလာသည့် အကြေအညာ ကုန်မျိုးစုံကို ဧရာဝတီ မြစ်ကမ်း တစ်လျှောက်က ရွာစဉ် ဆိပ်ကမ်းတကာမှာ လည်ရောင်း။ နောက်တော့ ဂေဇက်ရတန်ခိုးကြီး အညာ ဘုရားပွဲတော်စဉ် လှည့်ကာ စဥ့်အိုး စဥ့်ခွက် မြေထည်မျိုးစုံ ရောင်းချရင်း အသက်မွေး ခဲ့ကြရသည် ။ အရပ်တကာ မလှည့်နိုင်တော့သည့် အခါ မြင်းခြံမြို့ ဈေးကြီး အတွင်း အိုးဆိုင်ဖွင့်ကာ ရောင်းခဲ့သေးသည် ။

မိဘနှစ်ပါး၏ ကြမ်းတမ်းသော အသက်မွေး ဘဝများ နှင့် ကပ်လျက် ကျွန်မသည် လည်း ငယ်စဉ်ဘဝကတည်းကပင် ဆယ့်နှစ်ပွဲ ဈေးသည် ကလေး ဖြစ်ခဲ့ဖူးသည် ဟု ဆိုချင်ပါသည် ။ ကျွန်မ အရွယ်ကလေး ရောက်လာတော့ အမေကိုယ်တိုင် ဈေးမရောင်းနိုင်တော့ပါ။ တစ်သက်လုံး ဈေးရောင်းခဲ့သမျှ အနားယူသည့် အချိန်မှာ တော့ ကျွန်မကို ဈေးရောင်း ဈေးဝယ်ဘဝ အတွေ့အကြုံတွေကို အမြဲလိုလို စိတ်ကူးရတိုင်း ပြောပြနေတတ်ခဲ့သည် ။ အထူးသဖြင့် ဈေးသည် ဘဝကလာသည့် အမေ့ ဈေးဝယ်နည်းတွေကို တစ်လျှောက်လုံးလိုလို ကျွန်မ ကြားနာခဲ့ရသည် ။ ဈေးဝယ်ခြင်းသည် လည်း လူ့ဘဝ အတွက် လိုအပ်သော အတတ်ပညာ တစ်ခုအဖြစ် ကျွန်မ သဘောပေါက် နားလည်ခဲ့ရ၏။

ကျွန်မ မန္တလေးတက္ကသိုလ်မှ ဘွဲ့ရပြီးသည့် အခါ အဖေက ရှေးပုံစံလေးဆင့်မှန် ဘီရိုကြီး တစ်လုံး လက်သမားနှင့် ကျကျနနလုပ်ကာ အိမ်ရှေ့တွင် စတိုးဆိုင်ဖြင့် ဈေးရောင်းဖို့ ပြင်ဆင်ပေးခဲ့သည် ။ သည် တုန်းက ကျွန်မကလည်း ဈေးသည် မလုပ်ချင်၊ အဖေကလည်း ဝန်ထမ်း မလုပ်စေချင်၊ သည် နှစ်ခုကြားမှာ ကျွန်မ မျက်ရည် ကျခဲ့ဖူး၏။ အတန်းပညာ ဘွဲ့ရယူပြီးသည် အထိ ပညာတွေ သင်ပေးပြီးကာမှာ အဖေကပဲ ဈေးရောင်းစေချင်သတဲ့ လား။ ကျွန်မ သင်ယူခဲ့ရသည့် ပညာတွေ နှမြောစရာလို့ လည်း တွေးမိပါသည် ။ ဒါက ကျွန်မ၏ အမြင်။ အဖေကတော့ ပညာသင်တာ သပ်သပ်၊ အသက်မွေး ဝမ်းကျောင်းစေချင်တာက သပ်သပ် ဖြစ်ပုံရပါ၏။ သူ့လေ့လော် လေ့ခတ်ဘဝနှင့် နှိုင်းယှဉ်ကာ ကျွန်မကို ပြောခဲ့ဖူးသည် ။

"ယက်ကန်းတတ်တော့ တစ်မတ် ... ဈေးရောင်းတတ်တော့ တစ်ကျပ်တဲ့ ... ဈေးရောင်း ဈေးဝယ်များ တတ်ရင် ဘဝမှာ မိုးမခေါင်ဘူး သမီးရဲ့ ..."

ကျွန်မနှင့် အဖေ ဘယ်သူ့ အတွေးအခေါ်က မှန်သလဲတော့ ကျွန်မ မဝေခွဲတတ်ပါ။ အခုတော့ ကျွန်မမှာ အဖေကိုယ်တိုင် လိုလိုလားလား ခင်းပေးခဲ့သော လမ်းကို မလျှောက်ဖြစ်လို့ များ မိုးမကောင်း ချောင်းမစီး ဖြစ်နေရတာလားလို့ တစ်ခါတစ်ခါ တွေးမိရသည် ။ ကျွန်မကိုယ်တိုင် ဈေးဆိုင်ထိုင်ကာ ဈေးမရောင်း ဖြစ်ခဲ့သော်လည်း နေ့စဉ် ဈေးဝယ်ခြင်း အလုပ်ကို လုပ်နေရသော အိမ်ရှင်မ တစ်ယောက်မို့ ဈေးနှင့် တော့ စိမ်းနေချင်လို့ မရခဲ့ပါ။ သည် အတွေ့အကြုံများ ထဲက တစ်ချို့ကို ကျွန်မ ဝတ္ထုတိုကလေးများ ရေးဖွဲ့ထားခြင်း ဖြစ်ပါ၏။

သည် ဝတ္ထုတိုကလေးတွေ ရေးနေစဉ် တုန်းကတော့ သည် လို ဈေး

ဝတ္ထု ကလေးတွေချည်း သီးခြားထုတ်ဖို့ စိတ်ကူးမရှိခဲ့ပါ။ ရေးရင်းဖြင့် ဝတ္ထုတို တစ်အုပ်စာ ဖြစ်လာတော့လည်း ဝတ္ထုတို ပေါင်းချုပ်ကလေး ထုတ်ဖြစ်ဖို့ စိတ်ကူးရပြန်သည် ။ ထို့ကြောင့် ကျွန်မ ထုတ်ဖြစ်ခဲ့သော အခြား ဝတ္ထုတို ပေါင်းချုပ်များ တွင် မထည့်ဘဲ သီးသန့် ဖယ်ထားဖြစ်ခဲ့ ပါသည် ။ အခုတော့ သည် ဝတ္ထုတိုကလေးတွေကပဲ ဈေးခြင်းတောင်း လို့ အမည်ပေးကာ ထုတ်ဝေဖြစ်ခဲ့ပါပြီ။

သည် ဝတ္ထုတိုပေါင်းချုပ်ကလေး ဖြစ်အောင် စီစဉ် ဆောင်ရွက်ကူညီ ပေးခဲ့ကြသော ဦးထွန်းဦး (ထွန်းဦးစာပေ)၊ ကိုမြင့်အောင် (ယနေ့ မန္တလေး စာအုပ်တိုက်) နှင့် ကျွန်မ၏ ဈေးဝတ္ထုတိုများကို ဖော်ပြပေးခဲ့ကြ သော သက်ဆိုင်ရာ မဂ္ဂဇင်း အယ်ဒီတာများ နှင့် တကွ စာဖတ် ပရိသတ် များကို ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည် ။

လေးစားလျက်

ခင်ခင်ထူး

၂၀၀၅ ခုနှစ်၊ ဇွန်လ (၁) ရက်၊

မန္တလေး။